ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ကာကွယ်ရေးဝန်ကြီးဌာန

စစ်ရေးသတင်း

အကျဉ်းချုပ်

22.4.2022

ကာကွယ်ရေးဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စစ်ရေးသတင်း အကျဉ်းချုပ်

စစ်ကောင်စီတပ်သားကျဆုံး	စစ်ကောင်စီတပ်သားဒဏ်ရာရ
(၂၂)ဦး	(၁၆)ဦး

စစ်ကောင်စီနှင့်တိုက်ပွဲဖြစ်ပွားမှု

ကချင်ပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၁)ရက်နေ့ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ပလနကျေးရွာရှိ စကစလက်အောက်ခံရဲစခန်းကို KIA နှင့် PDF တို့မှသွားရောက်တိုက်ခိုက်ခဲ့ရာ စကစတပ်သားများ ထိခိုက် သေဆုံးမှုများနိုင်ပြီး ထိခိုက်သေဆုံးသော စကစတပ်သားများကို မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် စစ်ဆေးရုံသို့ လူနာတင်ကား (၃) စီးဖြင့် တင်ဆောင်သွားကြောင်း သိရသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၂)ရက်နေ့ ကချင်ပြည်နယ်၊ ဆော့လော်မြို့နယ် အနီး၌ စကစလက်အောက်ခံ ပြည်သူ့စစ်များနှင့် KIA၊ PDF တို့တိုက်ပွဲဖြစ်ပွားခဲ့ပြီး စကစလက်အောက်ခံ ပြည်သူ့စစ်ဘက်မှ အများအပြားထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ကရင်ပြည်နယ်

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၁)ရက်နေ့ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်၊ လေးကေ့ကော်၌ တမခ ၄၄ လက်အောက်ခံ ခမရ ၁ စစ်ကြောင်း တစ်ကြောင်းသည် KNLA နှင့် PDF စုပေါင်းတပ်များကို ထိုးစစ်ဆင်ခဲ့ရာ ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး စွယ်တော်ကုန်း (အမြောက်ကုန်း) မှ လက်နက်ကြီးများ ရမ်းသမ်းပစ်ခတ်လျက်ရှိကာ တိုက်ပွဲတွင် စကစဘက်မှ တပ်သား ၁ ဦးသေဆုံး၍ မဟာမိတ် တပ်ပေါင်းစုဘက်မှ ရဲဘော် ၂ ဦး လက်နက်ကြီးစထိမှန်ပြီး ဒဏ်ရာရရှိ(မစိုးရိမ်ရ)ကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

<u>ချင်းပြည်နယ်</u>

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၂)ရက်နေ့၊ ချင်းပြည်နယ်၊ မတူပီမြို့နယ်၊ မတူပီ-ပလက်ဝလမ်းမပေါ်ရှိ ထယ်ဘွေးစခန်း သို့ အင်အားဖြည့်ပြီး ပြန်လာသော စကစတပ်ဖွဲ့နှင့် CDF-Matupiတို့ မိုင်တိုင် (၁၆) တွင် တိုက်ပွဲဖြစ်ပွားခဲ့ရာ စကစတပ်သား (၆) ဦးသေဆုံး၍ (၇) ဦးထက်မနည်းဒဏ်ရာရသွားကြောင်း သိရသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၁)ရက်နေ့၊ ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်၊ ကန်ပက်လက်မြို့ကို မကွေးတိုင်း၊ ဆောမြို့မှ စကစအင်အား (၆၂) ဦးဖြင့် စစ်ကြောင်း တစ်ကြောင်း၊ ကန်ပက်လက်မြို့ပေါ်တွင် တပ်စွဲထားသော စကစအင်အား (၈၀) ဖြင့်စစ်ကြောင်း တစ်ကြောင်းထိုး၍ ဆောမြို့နှင့် ကန်ပက်လက်ကြား၌ CDF-Kanpetlet တို့နှင့် တိုက်ပွဲပြင်းထန်နေပြီး CDF-Kanpetletမှ ရဲဘော် (၁) ဦးကျဆုံးခဲ့ကာ စကစ ဘက်မှ အကျအဆုံးများခဲ့ကြောင်း သိရသည်။

<u>စစ်ကိုင်းတိုင်း</u>

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၁)ရက်နေ့၊ စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့နယ်၊ တုံလုံကျေးရွာသို့လာသော စကစ တပ်သားများ အား Eagles Army-HPDF မှ မိုင်းဆွဲတိုက်ခိုက်ခဲ့ရာ စကစ တပ်သား (၆) ဦးသေဆုံးခဲ့ပြီး၊ (၄) ဦးဒဏ်ရာ ရရှိခဲ့သည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၂)ရက်နေ့၊ စစ်ကိုင်းတိုင်း၊ ခင်ဦးမြို့နယ်၊ ပျဉ်ထောင်ကျေးရွာရှိ ပျူစောထီးစခန်းအား Khin U Warrior Force ၊ လင်းယုန်နီ (ကန့်ဘလူ) တို့ပူးပေါင်းပြီး Drone ဖြင့် (၃) ကြိမ်တိုက်ခိုက်ခဲ့သည်။

<u>တနင်္သာရီတိုင်း</u>

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၁))ရက်နေ့၊ တနင်္သာရီတိုင်း၊ တနင်္သာရီမြို့နယ်၊ သိန္ဓောရွာမှ စကစတပ်သားများကို ဘက်မလိုက်ပြောက်ကျားအဖွဲ့၊ Tanintharyi Defense Force(TDF) နှင့် တောင်ပိုင်းသူရဲကောင်းအဖွဲ့ (SWDF) တို့ပူးပေါင်းတိုက်ခိုက်ခဲ့၍ စကစတပ်သား ၁ ဦးသေဆုံးခဲ့ကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

<u>ပဲခူးတိုင်း</u>

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၂)ရက်နေ့၊ ပဲခူးတိုင်း၊ ထန်းတပင်မြို့နယ်၊ တပြေးကျေးရွာရှိ စကစတပ်သားများ တပ်စွဲသည့်ဂိတ်စခန်းကို ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် PDF ပူးပေါင်းအဖွဲ့မှ ဝင်ရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ရာ စကစတပ်သား ၂ ဦး သေဆုံးသွားခဲ့ကြောင်း သိရသည်။

စစ်ကောင်စီ၏ အကြမ်းဖက်မှုများ

<u>ကရင်နီ(ကယား)ပြည်နယ်</u>

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၂)ရက်နေ့၊ ကရင်နီ(ကယား)ပြည်နယ်၊ လွိုင်ကော်မြို့နယ်၊ လွိုင်ကော်မြို့ပေါ်တွင် နေ့စဉ် ခရီးသွားပြည်သူ အသွားအလာများကို စကစမှ စစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး ဧပြီလ ၂၀ရက်နှင့် ၂၁ရက်နေ့ရက်အတွင်း စစ်ဆေးဖမ်းဆီးခံရသူ ၅ ဦး အထိရှိကြောင်း သိရသည်။

<u>ရှမ်းပြည်နယ်</u>

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၁)ရက်နေ့၊ ရှမ်းပြည်နယ်၊ ရွာငံမြို့နယ်၊ ပဲရင်းတောင်ကျေးရွာမှ ဖမ်းဆီးခံရသူ ပြည်သူ ၆ ဦးကို စကစမှ PDF ဟုအမည်တပ် စွပ်စွဲ၍ ပဲရင်းတောင်ရွာအနောက်ဘက် ၂ မိုင်ခန့် အကွာတွင် သတ်ဖြတ်ခဲ့ကြောင်း သိရသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၂)ရက်နေ့၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံနှင့် ပင်းတယ မြို့နယ်များတွင် ဓနုပြည်သူ့စစ်ဖွဲ့စည်းရန် စကစမှ တစ်ရွာလျှင်လူငယ် ၁၂ ဦး တောင်းခံနေခဲ့ပြီး လူငယ် အများစုမှာ မဝင်ချင်ကြသည့်အတွက် ကျေးရွာများမှ တိမ်းရှောင်နေရပြီး တချို့ရွာများတွင် ပြည်သူ့စစ်အဖွဲ့ထဲ မဝင်ပါက ဖမ်းဆီးခံရမည်ဟု စကစသတင်းပေးများက ခြိမ်းခြောက်ထားကြောင်း သိရသည်။

<u>ရန်ကုန်တိုင်း</u>

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၁)ရက်နေ့၊ ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ (၇) ရပ်ကွက်တွင် စကစအဖွဲ့များက တိမ်းရှောင်နေသည့် အငြိမ်းစားဒုတိယဗိုလ်မှူးကြီး အောင်မြင်သူ အပါအဝင်တိမ်းရှောင်နေသော နေအိမ်မှမိသားစုဝင်အချို့ကိုပါ ဖမ်းဆီးသွားကြောင်း သိရသည်။

ကာကွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရောဝတီတိုင်း

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၂)ရက်နေ့၊ ရောဝတီတိုင်း၊ ကျောင်းကုန်းမြို့နယ်၊ ကျောင်းကုန်းမြို့တွင် မီးပုံမှန်မလာသော်လည်း စကစလက်အောက်ခံ ဝန်ထမ်းများမှ ဧပြီလ ၂၁ ရက်နေ့မှစတင်၍ မီတာခပေးဆောင်ခြင်းမရှိသည့် မြို့ခံပြည်သူများ၏နေအိမ်ရှိ မီတာဘောက်များနှင့် မီးကြိုးများကို လိုက်လံဖြုတ်ချနေကြောင်း သိရသည်။

- ၂၀၂၂ ခုနှစ်၊ ဧပြီလ (၂၂)ရက်နေ့၊ ရောဝတီတိုင်း၊ ပုသိမ်မြို့နယ်၊ ပုသိမ်မြို့ အကျဉ်းထောင်အတွင်း ဖမ်းဆီးထိန်းသိမ်းခံထားရသူ နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ကိုရဲထွဋ်ဝင်းအား ထောင်တွင်း တရားရုံးမှ ဧပြီလ ၂၁ ရက်နေ့ တွင် ထောင်ဒဏ် ၂ ချမှတ်ခဲ့ပြီး အကြမ်းဖက်မှု တိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀၊ ၅၁ ၊ ၅၂ တို့ဖြင့် ထပ်တိုး တရားစွဲဆိုထားကြောင်းလည်း သိရသည်။